## `အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်း´ နှင့်ပတ်သက်ပြီးအရပ်ဖက်လူ့အဖွဲ့အစည်းများ၏သဘောထားထုတ်ပြန်ချက်

ဇူလိုင်လ ၃၁ ရက်၊ ၂၀၁၃ ခုနှစ်

၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတိုင်းလွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ကို ဆန့်ကျင်သဖြင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ကထုတ်ပြန်ကြေညာခဲ့သော `အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်း´ကိုလက်မခံနိုင်ပါ။

၂။ ယခုဥပဒေကြမ်းသည် လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါနိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ချိုးဖောက်သည့်အပြင် နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူများစွာပြုနေသည့် အရပ်ဖက်လူ့အဖွဲ့အစည်းများအားကန့်သတ်ချုပ်ချယ်သည့် ဥပဒေဖြစ်နေပါသည်။

၃။ နိုင်ငံတော်သမ္မတကြီး၏ လက်ရှိလမ်းညွှန်ချက်များတွင်ပါရှိသည့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ပေးနေသည့်ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငြိမ်းချမ်းရေး၊ ပွင့်လင်းမြင်သာရေး၊ လူ့အခွင့်အရေး၊ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေး စသောကဏ္ဍအသီးသီးရှိ အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ လုပ်ငန်းများသည် ဥပဒေအတည်ပြုသည့်နေ့မှစ၍ တရားမဝင်လှုပ်ရှားမှုများ ဖြစ်သွားနိုင်ပါသည်။ (ဥပမာ နိုင်ငံတော်နှင့် အရပ်ဖက်အဖွဲ့အစည်းများပေါင်းစည်းလုပ်ကိုင်နေရသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ Extractive Industries Transparency Initiative အဖွဲ့ဝင်လျှောက်ထားရေး၊ အာဆီယံလူ ထုညီလာခံဦးဆောင်ကျင်းပရေးစသောလုပ်ငန်းများ)

၄။ အသင်းအဖွဲ့များဆိုင်ရာဥပဒေသည် အသင်းအဖွဲ့များအားလုံးနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ ယင်းဥပဒေကို ရေးဆွဲရာတွင် အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ သဘောထားအကြံဉာဏ်ကိုရယူခြင်းမရှိသဖြင့် လက်တွေ့အကောင် အထည်ဖော်ရာတွင် လိုက်နာကျင့်သုံးနိုင်မည်မဟုတ်သည့်အပြင် ကောင်းကျိုးထက် ဆိုးကျိုးဘက်သို့ ဦးတည်သွားနိုင် ပါသည်။

၅။ နိုင်ငံသားတိုင်း၏ မူလအခွင့်အရေးကိုအကာအကွယ်ပေးပြီး နိုင်ငံသားများ၏ သင်းပင်းဖွဲ့စည်းဆောင်ရွက်မှုကို အားပေးမြှင့်တင်နိုင်သည့် ဥပဒေတစ်ရပ်ဖြစ်လာစေရန်လိုအပ်ပါသည်။ ၎င်းဥပဒေသည် ပြည်သူလူထု၏ သင်းပင်း ဖွဲ့စည်းဆောင်ရွက်မှုများကို အကာအကွယ်ပေးသောဥပဒေဖြစ်မှသာနိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဖွံ့ဖြိုးတိုး တက်ရေးကိုရှေးရှုနိုင်မည်ဖြစ်ပါသည်။

၆။ ဥပဒေမူကြမ်းအသစ်တစ်ခုကို အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့်ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ပြန်လည် ရေးဆွဲရန်လိုအပ်ပါသည်။

၇။ သို့ဖြစ်ပါ၍ လက်ရှိ`အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်း´ ကိုလွှတ်တော်လုပ်ထုံးလုပ်နည်းများအရ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းကိုဆိုင်းငံ့ထားရန် တောင်းဆိုပါသည်။

**ထုတ်ပြန်ချက်ကိုသဘောတူထောက်ခံသောအဖွဲ့အစည်းများ**

1. ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဖြစ်မြောက်ရေးကော်မတီ)
2. Thinking Class Room
3. 141 Plus
4. KWEG
5. အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်
6. ရက္ခိတအဖွဲ့
7. မြန်မာနိုင်ငံလူမှုရေးပညာရှင်များအဖွဲ့

8. SearchersMyanmar
9. ကရင်နီအမျိုးသားလူငယ်များအဖွဲ့
10. Myanmar Institute of Democracy
11. မြန်မာပြည်သူ့ဖိုရမ် လုပ်ငန်းအဖွဲ့
12. လောကအလင်းလူမှုဖွံ့ဖြိုးရေးအဖွဲ့
13. Myanmar Positive Group
14. ရခိုင်အမျိုးသားကွန်ရက်
15. ပေါင်းကူးအဖွဲ့
16. Triangle Women အဖွဲ့
17. Win-Win
18. MEET
19. RID
20. SEER Organization
21. အလင်းစေတမန် စာကြည့်တိုက်အဖွဲ့
22. ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း
23. NGO-GG
24. Equality Myanmar
25. မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့
26. 3-N
27. ဘဝမြင့်မိုရ်အဖွဲ့
28. ဒေင် မသန်စွမ်းသူများသက်ငယ်ရိပ်မြုံ
29. The Innovative
30. ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ (Local Resource Centre)
31. အောင်ဖောင်ဒေးရှင်း
32. Spectrum
33. MDRI
34. Thirst Aid
35. စွမ်းရည်ရှေ့ဆောင်လူမှုရေးအဖွဲ့
36. Myanmar Legal Aid Network
37. Mustard Seeds Myanmar
38. Mercy Relief and Development
39. ComReg
40. Youth Empowerment Program
41. ပဒေသာမိုး
42. နယူးမြန်မာဖောင်ဒေးရှင်း
43. အလင်းသစ်
44. ရွှေခြသေ့်
45. စိမ်းရောင်စို
46. MCPWC
47. ခေတ်သစ်လူငယ်
48. Pray for Myanmar
49. မဇ္ဈိမလူငယ်
50. Youth for Social Change
51. NweOo Foundation
52. Wisdom Banner
53. Judson Research Centre
54. Natural Resources for People
55. Promotion of Indigenous and Nature Together
56. Myanmar Green Network
57. Myanmar Coalition for Transparency
58. ကရင်အမျိုးသမီးအစည်းအရုံး (Karen Women's Organisation)
59. ကယန်းအမျိုးသမီးအစည်းအရုံး
60. ဒါနရှေ့ဆောင်မြန်မာ (Charity Oriented Myanmar)
61. မြန်မာနိုင်ငံဆေးပညာရှင် များအသင်း (Burma Media Association)
62. ပလောင်အမျိုးသမီးအစည်းအရုံး
63. အစိမ်းရောင် အခွင့်အရေးအဖွဲ့ Green Rights Organization
64. အရောင်မဲ့ဇုံအဖွဲ့ Colorless Zone
65. အနတ္တ ကဗျာအဖွဲ့ Ego less Poem
66. ဓနုလူငယ်အဖွဲ့ DaNu Youth
67. ခေမာရဋ္ဌ စာကြည့်တိုက် KayMarRa Library
68. Light House Network
69. ရောဝတီတိုင်းလယ်သမားများကွန်ယက်
70. မေတ္တာအိမ်(ကျောက်ဆည်)
71. မေတ္တာအိမ် (မြစ်သား)
72. မေတ္တာအိမ် (မန္တလေး)
73. ပန်းပျိုးလက်လူငယ်စာဖတ်အသင်း
74. Giving Hands Foundation (ပဲခူးတိုင်း)
75. မြန်မာပြည်မြောက်ပိုင်းကျောင်းသားရဲဘော်ဟောင်းများ

76. မိုးသောက်ကြယ်ကော်မတီ
(မန့်ဝိန်းကြီး၊မန်စီမြို့နယ်၊ကချင်ပြည်နယ်)
77. မေတ္တာရိပ်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့်
လူမှုကူညီရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
78. sympathy focus (မော်လမြိုင်)
79. ဂရုဏာအလင်း(စမ်းချောင်း)
80. ရာစုနှစ်မီးအိမ် (ရွှေဘို)
81. မျိုးဂုဏ်မြင့် လူငယ်များ
82. ဆရာစံနယ်သားလူငယ်များ (ကြို့ပင်ကောက်)
83. ဆရာစံနယ်သားလူငယ်များ (နတ်တလင်း)
84. မေတ္တာလွင်ပြင် (ဇီးကုန်းစစ်ကိုင်းတိုင်း)
85. ထောင်စုအလင်းဖွံ့ဖြိုးရေးအဖွဲ့အစည်း
86. Myanmar Youth Social and Education Local
Focus
87. ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း
(Foundation for Education and
Development)